MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

# သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး (Extra ordinary General Meeting )နှင့် တတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (3rd Annual General Meeting) တက်ရောက်ရန် ဖိတ်ကြားခြင်း

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်(MTSH)၏ သင်းဖွဲ့မှတ်တမ်းအပိုဒ် (၃)၊ အပိုဒ်ခွဲ(၁)တွင် ကုမ္ပဏီအား အကျိုးစီးပွားဖြစ်ထွန်းစေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌ဖြစ်စေ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရားဥပဒေများ၊ အမိန့်ကြေညာစာများ၊ အမိန့်များက ခွင့်ပြုထားသည့် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် နှင့် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၂၈)တွင် အစုရှယ်ယာတစ်စုလျှင် ငွေကျပ် (၁၀၀၀)ဖြင့် အစုရှယ်ယာပေါင်း (၅၀,၀၀၀,၀၀၀) ခွဲဝေထားခြင်းကို ငွေကျပ် (၁၀၀၀)တန် အစုရှယ်ယာပေါင်း (၅၀၀,၀၀၀,၀၀၀)အဖြစ် ပြောင်းလဲခွဲဝေသတ်မှတ်ရန်ကိစ္စများအား အထူးဆုံးဖြတ်ချက်ချမှတ်၍ ပြင်ဆင်ရန် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးနှင့် တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတို့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်၊ (တနင်္ဂနွေနေ့) နံနက် (၁၀း၀၀)နာရီအချိန်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ၊ အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် QR Code ပါ အစုရှယ်ယာသက်သေခံဖြတ်ပိုင်း၊ အမြတ်ဝေစု(Dividend)ခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာတို့ကို အချိန်မီ ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်မည့် အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာအား သတ်မှတ်အချိန်အတွင်း ပြန်လည်ပေးပို့ခြင်းမရှိပါက ကိုယ်စားမဲပေးခွင့် ရရှိမည်မဟုတ်ဘဲ အစည်းအဝေးတက်ရောက်ခွင့်သာ ရရှိမည်ဖြစ်ပါသည်။

၃။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင်အရေအတွက် များပြားမည်ဖြစ်ပါသဖြင့် အစည်းအဝေးအချိန်မီ စတင်နိုင်ရန် အစည်းအဝေးတက်ရောက်သူအမည်စာရင်း မှတ်ပုံတင်ခြင်းကို နံနက် (၈း၀၀)နာရီမှစတင်၍ နံနက် (၁၀း၀၀)နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် နံနက် (၁၀း၀၀)နာရီ နောက်ပိုင်း ရောက်ရှိလာသူများသည် အစည်းအဝေးတက်ရောက်ခွင့်သာ ရရှိမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး အပ်ပါသည်။

၄။ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက် - Record Date)နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး၊ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပပြီးစီးသည့်နေ့ နောက်ပိုင်းတွင် အသိပေးကြေညာမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာရှင်များအနေဖြင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အကျိုးစီးပွားတိုးတက်စေရန်အတွက် အကြံပြုလိုပါက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်၊ တနင်္လာနေ့၊ ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုလွှာပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

# မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်
# Myanmar Thilawa SEZ Holdings Public Limited.

# ဖိတ်ကြားလွှာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် (MTSH)၏
တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး နှင့် သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးအား
အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ချီးမြှင့်ပေးပါရန်
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

အစည်းအဝေးကျင်းပမည့်နေ့ – ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက် (တနင်္ဂနွေနေ့)

စတင်မှတ်ပုံတင်ရမည့် အချိန် – နံနက် (၈:၀၀) နာရီတိတိ (အစုရှယ်ယာရှင်များ အမည်စာရင်းမှတ်တမ်းတင်ရန်)

အစည်းအဝေးစတင်မည့်အချိန် – နံနက် (၁၀:၀၀) နာရီတိတိ

အစည်းအဝေးကျင်းပမည့်နေရာ – အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ

# အစည်းအဝေးတွင်ဆောင်ရွက်မည့် ကိစ္စရပ်များ

၁။ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား အတည်ပြုခြင်း။

၂။ အမြတ်ဝေစုခွဲဝေခြင်းအား အတည်ပြုခြင်း။

၃။ ၂၀၁၆ – ၂၀၁၇ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

၄။ ၂၀၁၆ – ၂၀၁၇ ခုနှစ်အတွက် စာရင်းစစ် ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

၅။ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း ပြင်ဆင်ခြင်းအား အတည်ပြုခြင်း။

"အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း / အကြံပြုလိုသည်များ ရှိပါက ၁၈ – ၁၀ – ၂၀၁၆ နေ့ ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်"

အစုရှယ်ယာရှင် အရေအတွက်များပြားလှပါသဖြင့် စိစစ်ရန် အကန့်အသတ်ရှိ၍ အစည်းအဝေးသို့ ဤဖိတ်စာဖြင့် ပူးတွဲပေးပို့ထားသည့် အစုရှယ်ယာရှင်၏အမည်၊ MTSH Serial Number နှင့် QR Code ပါသည့် စာရွက်အား တစ်ပါတည်းယူဆောင်၍ ကြွရောက်မှသာလျှင် တက်ရောက်ခွင့်ရှိမည်ဖြစ်ကြောင်း လေးနက်စွာဖြင့် အသိပေးအပ်ပါသည်။

# MTSH ၏ တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် တက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် အစုရှယ်ယာရှင် သက်သေခံဖြတ်ပိုင်း

MTSH နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင် ဦးရေများပြားလှပါသဖြင့် အချိန်နှင့်တစ်ပြေးညီ စိစစ်နိုင်ရန်အတွက် အစုရှယ်ယာရှင်အနေဖြင့် တက်ရောက် မှတ်ပုံတင်စာရင်း ပေးသွင်းချိန်၌လည်းကောင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လာပါက မဲဆန္ဒပြုလွှာ ထုတ်ယူနိုင်ရန် အတွက် လည်းကောင်း၊ **ဤဖြတ်ပိုင်း (မူရင်း)နှင့် မှတ်ပုံတင် (မူရင်း)တို့ကို မဖြစ်မနေ ပြသရမည်ဖြစ်၍ နှစ်ပတ်လည် အစည်းအဝေးသို့တက်ရောက်ရာတွင် မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည်** ဖြစ်ပါသည်။

A MTSH Serial No. :

B Member Name :

C N.R.C No. / Co. Reg No. :

D No. Of Share :

မှတ်ချက် ။ အစုရှယ်ယာရှင်အနေဖြင့် ယခုပေးပို့သည့် စာရွက်တွင်ဖော်ပြထားသော A, B, C, D ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက MTSH ရုံးချုပ်ထံသို့ 17-10-2016 (တနင်္လာနေ့) ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (01-2301772, 2301773, 2301853, 2301884, 2301885) သို့ဖြစ်စေ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ပေးနိုင်ရန်အတွက် အကြောင်းကြားဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

# အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ MTSH Serial No. ----------- ဖြစ်သည့် အစုရှယ်ယာရှင် ကျွန်ုပ် ဦး/ဒေါ် ---------------------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------) သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကျင်းပမည်ဖြစ်သော ကုမ္ပဏီ၏ တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတို့တွင် မဲဆန္ဒပေးခွင့်ရှိသူ ကိုယ်စားလွှဲအပ်ခြင်း ခံရသူအဖြစ် ကျွန်ုပ်၏ ကိုယ်စား-

- ဦး/ဒေါ် --------------- (မှတ်ပုံတင်အမှတ်---------------------)

(သို့မဟုတ်)

- ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ☐

(သို့မဟုတ်)

- ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ☐

(သို့မဟုတ်)

- အုပ်ချုပ်မှု ဒါရိုက်တာ ☐

အား လွှဲအပ်ခန့်ထားလိုက်သည်။

အစုရှယ်ယာရှင်၏လက်မှတ် ---------------------

အစုရှယ်ယာရှင်အမည် ---------------------

ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက် ---------------------

---

## <u>စည်းကမ်းချက်များ</u>

၁။ ကိုယ်စားလှယ်လွှဲစာတွင် ကျပ် ၅၀/- တန် တံဆိပ်ခေါင်းကပ်ရန် ကုမ္ပဏီမှ တာဝန်ယူပါသည်။

၂။ ကိုယ်စားလှယ်လွှဲပေးပြီးပါက ပြန်လည်ရုတ်သိမ်းခွင့် မပြုတော့ပါ။

၃။ အစုရှယ်ယာပိုင်ရှင်၏ မှတ်ပုံတင် (မိတ္တူ)၊ ကိုယ်စားလှယ်လွှဲခံရသူ၏ မှတ်ပုံတင် (မိတ္တူ) နှင့် အချက် အလက်များ အပြည့်အစုံဖြည့်ထားသည့် ကိုယ်စားလှယ်လွှဲစာ (မူရင်း)။

၄။ ၁၉-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄း၃၀) နာရီတွင် MTSH ရုံးချုပ်အရောက် နောက်ဆုံးထားပေးပို့ရန်နှင့် ၄င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

*** နှစ်ပတ်လည် အစည်းအဝေး၌ ကိုယ်စားလှယ် လွှဲခံရသူသည် မိမိမှတ်ပုံတင်မူရင်းနှင့် QR Code ပါ အဝါရောင်စာရွက်အား သက်ဆိုင်ရာကောင်တာတွင် ပြသမှတ်ပုံတင်၍ မဲဆန္ဒပြုလွှာများ ထုတ်ယူရပါမည်။**

**MTSH Myanmar Thilawa SEZ Holdings Public Limited**
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

သို့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ( )ရက်။

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ

လူကြီးမင်းခင်ဗျား...

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်တွင် ယင်းကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို လိုက်နာလျက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးအချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ---------------------------

အဆိုပြုသူအမည် ---------------------------

မှတ်ပုံတင်အမှတ် ---------------------------

နေရပ်လိပ်စာ ---------------------------

---

## ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်း သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ

၁။ အစုရှယ်ယာအရေအတွက် တစ်ထောင်နှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ သင်းဖွဲ့မှတ်တမ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့်ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မိမိနေထိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက် ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၁၇-၁၀-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ (၄း၃၀) နာရီတွင် MTSH ရုံးချုပ်အရောက် နောက်ဆုံးထားပေးပို့ရန်နှင့် ၎င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

# မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏

ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံကပ်ရန်

၁။ အမည် - ____________________

၂။ နိုင်ငံသား မှတ်ပုံတင်အမှတ် - ____________________

၃။ မွေးသက္ကရာဇ် - ____________________

၄။ ပညာအရည်အချင်း - ____________________

၅။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ - ____________________

၆။ မိဘအမည်၊ကိုးကွယ်သည့်ဘာသာ - ____________________

၇။ လက်ရှိနေရပ်လိပ်စာ - ____________________

____________________

____________________

၈။ ဆက်သွယ်ရန် ဖုန်းနံပါတ် - ____________________

အီးမေးလ် ____________________

၉။ ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် - ____________________

အမှတ်နှင့် အရေအတွက် ____________________

၁၀။ ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ - ____________________

____________________

____________________

၁၁။ အခြားလုပ်ငန်း အတွေ့အကြုံ - ____________________

____________________

____________________

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

____________________

# အမြတ်ဝေစု ခွဲဝေမည့်စနစ်အားရှင်းလင်းတင်ပြခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ၂၀၁၆ ခုနှစ်၊ မတ်လ (၁၁)ရက်နေ့တွင် ကုန်ဆုံးခဲ့သည့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းအရ ဒါရိုက်တာအဖွဲ့သည် ရရှိလာသည့် အမြတ်ငွေများအပေါ် အခြေခံပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်လာမည့် အစုရှယ်ယာရှင်များ၏ သဘောထားအတည်ပြုချက်ရယူ၍ အစုရှယ်ယာတစ်စုလျှင် ကျပ်နှစ်ထောင့်ငါးရာတိတိ (အစုရှယ်ယာရှင်များပိုင်ဆိုင်သည့် အစုရှယ်ယာမူရင်းတန်ဖိုး-Par Value ၏ (၂၅) ရာခိုင်နှုန်း)အား ခွဲဝေပေးရန် ၂၀၁၆ ခုနှစ်၊ ဖွန်လ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး (၇/၂၀၁၆)၌ ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေပေးမည့်အမြတ်ဝေစုအား ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက် - Record Date)နေ့တွင်ရှိသော အစုရှယ်ယာရှင်မှတ်တမ်းအရ အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အပေါ်မူတည်၍ အဆိုပါ အမြတ်ဝေစုအား ရရှိမည်ဖြစ်ပါသည်။

အမြတ်ဝေစုများထုတ်ဝေပေးရာတွင် -

AYAtrust Securities, CB Securities, KBZSC, KTzRH Securities နှင့် MSEC ကုမ္ပဏီတို့တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့မတိုင်မီ Securities Account ဖွင့်လှစ်ထားပြီးဖြစ် သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုအား အဆိုပါ Securities ကုမ္ပဏီများမှတစ်ဆင့် ခွဲဝေပေးမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် မိမိတို့ စာရင်းဖွင့်လှစ်ထားသည့် Securities ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် အမြတ်ဝေစုထုတ်ပေးမည့်နေ့ရက်ကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြီးတွင် ထပ်မံကြေညာပါမည်။

အစုရှယ်ယာသက်သေခံလက်မှတ် မလိုသောစနစ် (Scriptless Electronic System)သို့ ပြောင်းလဲရန်အတွက် Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များနှင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့နောက်ပိုင်းမှ Securities Account ဖွင့်လှစ်ပြီး၊ အစုရှယ်ယာသက်သေခံလက်မှတ် မလိုသောစနစ် (Scriptless Electronic System)သို့ ပြောင်းလဲစာရင်းသွင်းထားသော အစုရှယ်ယာရှင်များအတွက်လည်း အမြတ်ဝေစုထုတ်ယူရမည့်နေရာနှင့် နေ့ရက်အား ဆက်လက်ကြေညာပေးသွားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံပေးဆောင်ရန် မလိုကြောင်းအသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

မြန်မာသီလဂါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်၏ ၂၃-၁၀-၂၀၁၆ နေ့တွင် ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတို့တွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူ၍ သင်းဖွဲ့စည်းမျဉ်းတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ထည့်သွင်းမည့် အချက်အလက်များနှင့် အကြိုးအကြောင်းဖော်ပြချက်

| စဉ် | မူလစာသား | ပြင်ဆင်/ဖြည့်စွက်မည့်စာသား | အကြိုးအကြောင်းဖော်ပြချက် |
|---|---|---|---|
| ၁ | သင်းဖွဲ့စည်းမျဉ်းအပိုဒ် ၂၈ တွင် ဖော်ပြထားသော | | |
| | ကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်းမှာ ကျပ် ၅၀၀,၀၀၀,၀၀၀,၀၀၀/- (ကျပ်ဘီလီယံ ငါးရာတိတိ) ဖြစ်၍ ငွေကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) တန် အစုရှယ်ယာပေါင်း (၅၀,၀၀၀,၀၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။ | ကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်းမှာ ကျပ် ၅၀၀,၀၀၀,၀၀၀,၀၀၀/- (ကျပ်ဘီလီယံ ငါးရာတိတိ) ဖြစ်၍ ငွေကျပ် ၁,၀၀၀/- (ကျပ်တစ်ထောင်တိတိ) တန် အစုရှယ်ယာပေါင်း (၅၀၀,၀၀၀,၀၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။ | ရင်းနှီးငွေနည်းပါးသည့် ပြည်သူများ မိမိရင်းနှီးနိုင်သည့် ငွေပမာဏအလျောက် လွယ်လင့်တကူ ဝယ်ယူမြှုပ်နှံနိုင်ရန်၊ အစုရှယ်ယာအမြတ်ခွဲဝေရာတွင် ပိုမိုလွယ်ကူစွာ တွက်ချက်ပေးနိုင်ရန်တို့အတွက် ရည်ရွယ်၍ ပြင်ဆင်ခြင်း ဖြစ်ပါသည်။ |
| ၂ | သင်းဖွဲ့မှတ်တမ်း အပိုဒ် (၃) အပိုဒ်ခွဲ (၁) တွင် ဖော်ပြထားသော | | |
| | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ရှိသည့် သီလဂါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ရှိသည့် သီလဂါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်။ ကုမ္ပဏီအား အကျိုးဖြစ်ထွန်းစေမည်ဆိုပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌ဖြစ်စေ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရားဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များက ခွင့်ပြုထားသည့် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ရန်။ သို့ရာတွင် ၎င်းရည်ရွယ်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှု ရယူရပါမည်။ | မြန်မာသီလဂါအက်(စ်)အီးဇက် ဟိုးဒင်း(စ်)ပတ်ဘလစ် လီမိတက်၏ အစုရှယ်ယာရှင်များအတွက် ပိုမိုကျယ်ပြန့်စွာ အကျိုးစီးပွားဖြစ်ထွန်းစေရန်အလို့ငှာ နိုင်ငံတော်မှ တရားဝင်ခွင့်ပြုသည့် မည်သည့်လုပ်ငန်းများကိုမဆို ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ် ပြင်ဆင်ခြင်း ဖြစ်ပါသည်။ |